# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 24 , 2024 | Volume 74, Number 16


၂၄.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၃၅၀၀၀ |
| ဒေါ်လာဈေး | = ၃၅၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ပန်းပုလက်ရာ ကိန္နရီ၊ ကိန္နရာမောင်နှံရုပ်များ နယ်စပ်လမ်းကြောင်းမှ ထိုင်းနိုင်ငံသို့တင်ပို့မည်



မြန်မာ့ပန်းပုလက်ရာ ကိန္နရီ၊ ကိန္နရာ မောင်နှံရုပ်များကို ထိုင်းနိုင်ငံက မှာယူမှုများရှိနေပြီး ဈေးကွက်ရှိနေခြင်းကြောင့် နယ်စပ်လမ်းကြောင်းဖြင့် တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာ့အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ သိရသည်။

အဆိုပါ တင်ပို့မည့်ကိန္နရီ၊ ကိန္နရာမောင်နှံပန်းပုရုပ်တုများကို ကုက္ကိုအနှစ်သားဖြင့် ထွင်းထုထားပြီး အလျား ၁၁ လက်မ၊ အမြင့် ၁၅ လက်မ၊ ဒု လေးလက်မအရွယ်ရှိ ရုပ်တုများဖြစ်ကာ ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီး၏ပန်းပုတန်းတွင် အပ်နှံထုလုပ်သွားမည်ဖြစ်ပြီး ယခုလစတုတ္ထပတ်အတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ရုပ်တု ၅၀ ခန့်ကို တင်ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအရွယ်အစားရှိ ကိန္နရီ၊ ကိန္နရာမောင်နှံ ပန်းပုရုပ်တုများသည် ပြည်တွင်းဈေးကွက်ရောင်းဈေးအနေဖြင့် ငွေကျပ် ၁,၁၀,၀၀၀ ဝန်းကျင်ကျသင့်ကြောင်း သိရသည်။

ယင်းသို့ မြန်မာ့ပန်းပုလက်ရာများကို ထိုင်းနိုင်ငံမယ်ဆိုင်နှင့် ချင်းရိုင်မြို့တို့ရှိ မြန်မာ့အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ဆားဈေးနှုန်းထပ်မံကျဆင်းပါက ဆားထုတ်လုပ်မှုလုပ်ငန်းများ အခက်ကြုံနိုင်ဟုဆို



လက်ရှိ ဆားဈေးနှုန်းများ ထပ်မံကျဆင်းပါက ဆားလုပ်ငန်းလုပ်ကိုင်နေသည့် တောင်သူများနှင့် ဆားထုတ်လုပ်မှုလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း မွန်ပြည်နယ်ဆားလုပ်ငန်းရှင်အသင်းထံမှသိရသည်။

ပြည်တွင်းဆားထုတ်လုပ်မှု လုပ်ငန်းများတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်း၊ အလုပ်သမားငွေရမ်းခများ မြင့်တက်လာခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ ယခင်ထက်နှစ်ဆ၊ သုံးဆမြင့်တက်လာခြင်းများရှိသော်လည်း ဆားဈေးနှုန်းမှာ ယခင်နှစ်ဈေးအတိုင်း တစ်ပိဿာလျှင် ၁၆၅ ကျပ်သာရရှိနေကြောင်း အဆိုပါအသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဦးနိုင်ဦးကပြောသည်။

"ဆားထုတ်လုပ်ပြီး ပို့ရမယ့်လမ်းကြောင်းတွေကလည်း လက်ရှိအခက်အခဲတွေဖြစ်နေတယ်။ အရင်က ဆားပို့တဲ့နေရာမှာ မြန်မာပြည်အထက်ပိုင်းဆို မန္တလေးကိုဗဟိုထားပြီး အဲဒီကနေ စစ်ကိုင်း၊ ချင်း၊ ရှမ်း(တောင်၊ မြောက်၊ အရှေ့) အဲဒီဘက်တွေကို ဖြန့်တယ်။ ပြီးတော့ကရင်ပြည်နယ်ဆိုရင်လည်း ရေး၊ မြိတ်၊ ထားဝယ်အထိဖြန့်တယ်။ အခု အဲဒီဘက်တွေက သွားလာလို့မရတော့ ပစ္စည်းတွေလည်း ပို့မရတော့ပါဘူး။ ဒါကြောင့် ဆားဈေးကွက်ဖြန့်ချိဖို့ နယ်မြေကျဉ်းသွားတယ်။ နောက်ဆက်တွဲကတော့ ဆားအထွက်များလာပြီး ဖြန့်ချိမှုအားနည်းသွားတာကြောင့် ဆားဈေးထပ်မံကျသွားမှာကို စိုးရိမ်စရာပဲ" ဟု ၎င်းက ပြောသည်။

ပြည်တွင်းမှထုတ်လုပ်သော ဆားဈေးနှုန်းများမှ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဆားကြမ်းတစ်ပိဿာလျှင် ၂၅၀ ကျပ်၊ နိုဝင်ဘာလတွင် ၂၀၀ ကျပ်ရရှိပြီး ယခုအချိန်တွင်တစ်ပိဿာ ၁၆၅ ကျပ်သာရရှိကြောင်းသိရသည်။

**Source: https://t.me/sdtimedaily**

## ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရသည့်ကာလတွင် ပြောင်းဈေးတက်ရန် မျှော်မှန်းထား




လက်ရှိ ကမ္ဘာ့ပြောင်းဈေးကျနေ၍ ပြည်တွင်းပြောင်းဈေးပါကျဆင်းကာ ဈေးကွက်အေးနေကြောင်း ပြောင်းလုပ်ငန်းရှင်များထံမှ သိရသည်။

ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရသည့် ကာလပြန်လည်ရောက်ရှိတော့မှာဖြစ်၍ ထိုကာလတွင် ပြောင်းဈေးတက်ရန် မျှော်မှန်းနေကြောင်း ပြောင်းလုပ်ငန်းရှင်များနှင့် ပြောင်း စိုက်တောင်သူများထံမှ သိရသည်။

“အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ရတော့မဲ့ ဖေဖော်ဝါရီလမှာတော့ ပြောင်းဈေးတက်မယ်လို့ မှန်းထားတယ်။ ဒါပေမဲ့ ထိုင်းပြောင်းဈေးက သိပ်မတက်ဘူး၊ ကျတော့ကျတယ်။ အဲဒီပေါ်ကို တစ်ချက်စောင့်ကြည့်ရမယ်”ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းပြောင်းအား တာချီလိတ်နယ်စပ်မှသာ တင်ပို့နေခြင်းဖြစ်ပြီး မြဝတီနယ်စပ်က မအေးချမ်းသည့်အတွက် ပြောင်းတင်ပို့နိုင်ခြင်းမရှိသေးကြောင်း ပြောင်းလုပ်ငန်းရှင်တချို့ထံမှ သိရသည်။

ပြောင်း သင်္ဘောတင် FOB ဈေးနှုန်းမှာ ဒေါ်လာ ၂၄၀ တောင် မရှိသေးကြောင်း သိရသည်။ လက်ရှိ ပြည်တွင်း အစာချက်စက်ရုံများ၏ ဝယ်အားသာရှိပြီး ပြောင်းတစ်ကီလိုလျှင် ၇၂၅ ကျပ်ဖြင့် အရောင်းဝယ်ရှိကြောင်းသိရသည်။ “ပြောင်းကဈေးကျတယ်။ အရောင်းဝယ်လည်း အေးနေတယ်။ နဂိုတည်းက အေးတယ်။ လမ်းကြောင်းတွေပိတ်ကုန်တော့ ပြောင်းက ပိုအေးသွားတယ်”ဟု ပြောင်းလုပ်ငန်းရှင် တစ်ဦးကပြောသည်။

လက်ရှိ ရန်ကုန်ပြောင်းဈေး တစ်ပိဿာလျှင် ၁၁၅၀ ဝန်းကျင် ပေါက်ဈေးရှိပြီး နေရာဒေသအလိုက် ဈေး အနည်းငယ်ကွာနိုင်ကြောင်း သိရသည်။

ပြည်တွင်းမတည်ငြိမ်မှုကြောင့် ပြောင်းကိုနယ်စပ်လမ်းကြောင်းများမှ တင်ပို့ရန်အခက်အခဲရှိနေပြီး ပင်လယ်ရေကြောင်းလမ်းကိုသာ အဓိက အားထားတင်ပို့ရမည်ဖြစ်ကြောင်းသိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ပြည်ပပြောင်းများကို တစ်နှစ်ပတ်လုံးဝယ်ယူခြင်းမရှိဘဲ အကောက်ခွန်ကင်းလွတ်ကာလဖြစ်သည့်နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ အထိ ၇ လပဲခွင့်ပြုလျက်ရှိကြောင်းသိရသည်။

ပြောင်းမှာ ပြည်တွင်းစားသုံးမှု အနည်းငယ်သာရှိပြီး ပြည်ပဈေးကွက်သာကိုသာ အဓိကထား တင်ပို့ရောင်းချနေရသည့်သီးနှံဖြစ်သောကြောင့် အနည်းငယ်အဆင်မပြေမှုရှိကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## သိုလှောင်ရုံကုန်အပ်လက်မှက်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုတွင် ပါဝင်နိုင်ကြောင်း သိုလှောင်ရုံပိုင်ရှင်များကို ဖိတ်ခေါ်နေ

သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် – WRFS အစီအစဉ်မှာ ပါဝင်ဆောင်ရွက်လိုတဲ့ သိုလှောင်ရုံလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်လျက်ရှိပါတယ်။

Warehouse Receipt Financing System (WRFS) ကို နေပြည်တော်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ အစပျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင်ဆောင်ရွက်သွားမှာပါ။

လက်ရှိမှာ Pilot Project ကာလအတွင်း WRFS အစီအစဉ်မှာ ပါဝင်ဆောင်ရွက်လိုတဲ့ ကုမ္ပဏီ ၅ ခု ရှိနေပါတယ်။ ဆန်စပါးကဏ္ဍ ရေရှည်တိုးတက်ရေးအတွက် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် – WRFS ကို အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်းအကောင်အထည်ဖော်နေတာပါ။

WRFS စနစ် စတင်ဆောင်ရွက်မယ်ဆိုရင် တောင်သူတွေအနေနဲ့ ၎င်းတို့ရဲ့ သီးနှံတွေကို သိုလှောင်ရုံတွေမှာ အပ်နှံပြီး ရရှိလာတဲ့ ကုန်အပ်လက်မှတ်နဲ့ ဘဏ်ကနေ ငွေချေးရယူနိုင်မှာ ဖြစ်ပါတယ်။

တောင်သူတွေ စပါးရောင်းချချိန်မှာ စပါးဈေးကျဆင်းမှုကြောင့် ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိမှု လျော့နည်းခြင်းကို ကာကွယ်ဖို့နဲ့ နစ်နာဆုံးရှုံးမှုတွေကို ကုစားဖြေရှင်းနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တာလို့ MRF ဥက္ကဋ္ဌက ပြောကြားထားပါတယ်။

WRFS စနစ်မှာ တောင်သူတွေက သီးနှံပိုင်ရှင် ကုန်အပ်သူတွေဖြစ်ပြီး ကျေးလက်တွေမှာရှိတဲ့ သိုလှောင်ရုံပိုင်ရှင်တွေက သိုလှောင်ရုံကုန်အပ်လက်မှတ် ထုတ်ပေးသူတွေအဖြစ် ဆောင်ရွက်ကြမှာပါ။

အစိုးရဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တွေက သိုလှောင်ရုံကုန်အပ်လက်မှတ်တွေအပေါ် အခြေခံပြီး ချေးငွေထုတ်ပေးခြင်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။

အဆိုပါစနစ်မှာ အစိုးရဌာန အဖွဲ့အစည်းတွေအနေနဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ စည်းမျဉ်းစည်းကမ်းများ ချမှတ်သူအဖြစ် ဆောင်ရွက်မှာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ MRF က သိုလှောင်ရုံမှတ်ပုံတင်စနစ် MyRO ကို လွှင့်တင်ထားပြီး ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း ၅၀၀၀ နဲ့အထက် သိုလှောင်ပါက MyRO Website မှာ သိုလှောင်ရုံမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမှာပါ။

MyRO Website မှာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကုမ္ပဏီ ၇၅ ခုမှ သိုလှောင်ရုံ ၁၅၄ လုံး၊ လူပုဂ္ဂိုလ် ၂၈ ဦးမှ သိုလှောင်ရုံ ၃၉ လုံး၊ စုစုပေါင်း သိုလှောင်ရုံ ၁၉၃ လုံး မှတ်ပုံတင်ထားပါတယ်။

**Source: BETV Business**

## လာမည့် ၃ လအထိ အာလူးဈေး ဆက်လက်ကျဆင်းနိုင်



၂၀၂၃ ခုနှစ် နှောင်းပိုင်းမှ စတင်ကာ ဇန်နဝါရီလအထိ အာလူးဈေးနှုန်းတွေ ဆက်တိုက်ကျဆင်းလာခဲ့ပြီး လာမယ့် ၃ လအထိ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း အာလူးကုန်စည်ဒိုင်တွေကနေ သိရပါတယ်။

၂၀၂၃ မိုးဦးကာလမှာ အာလူးလက်ကားဈေးနှုန်းက တစ်ပိဿာ ၂၅၀၀ ကျပ်အထိ မြင့်တက်ခဲ့ပေမဲ့ စက်တင်ဘာလကနေ ဈေးနှုန်းတွေ ကျဆင်းလာခဲ့တာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ တစ်ပိဿာ ၁၉၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိတော့ကြောင်း မိုးမောက်မြို့နယ်မှ အာလူးကုန်သည်တစ်ဦးက ပြောပါတယ်။

အာလူးဈေးကွက်က ယခုကာလမျိုးမှာ အမြဲတမ်း ကျဆင်းလေ့ရှိပြီး လာမဲ့လအနည်းငယ်အထိ ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။

လက်ရှိ အာလူးဈေးနှုန်းက ယခင်နှစ် ကာတူဈေးနှုန်းနဲ့နှိုင်းယှဉ်ပါကလည်း ကျဆင်းလျက်ရှိတယ်လို့ အာလူးကုန်သည်တစ်ဦးက ပြောကြားထားပါတယ်။

တရုတ်ဘက်က ဝင်ရောက်လာတဲ့ အာလူးတွေက ဘုရင့်နောင်ကုန်စည်ဒိုင်ကို ယနေ့မှာ ပိဿာချိန် ၄၂၀၀၀ ပါ ကား ၇ စီး ဝင်ရောက်ထားပြီး တစ်ပိဿာ ကျပ် ၂၈၀၀-၂၉၀၀ ဈေးရှိပါတယ်။

မြန်မာနိုင်ငံမှာ အာလူးစိုက်ပျိုးမြေက ဟက်တာပေါင်း ၃၃၀၀၀ ခန့်ရှိပြီး မက်ထရစ်တန်ချိန် ၅ သိန်းကျော် ထွက်ရှိကာ ပြည်တွင်းစားသုံးမှုက တန်ချိန် ၃ သိန်းကျော် ရှိပါတယ်။

လက်ရှိမှာ ပြည်တွင်းဈေးကွက်အတွင်း နေရာယူလာတဲ့ တရုတ်အာလူးတွေကြောင့် အာလူးစိုက်တောင်သူတွေမှာ ဈေးနှုန်းကျဆင်းလာတဲ့ အခက်အခဲတွေ ရှိလာပြီး အာလူးစိုက်ဧကတွေ လျော့နည်းလာပါတယ်။

Source: BETV Business

## မွန်ပြည်နယ်၏ ကွမ်းသီးဈေးနှုန်းအခြေအနေ



၂၀၂၄ ခုနှစ် ဇန်နဝါရီလ (စတုတ္ထပတ်)အတွင်း ကွမ်းသီးဈေးနှုန်းအခြေအနေမှာ ရေပေါင်းခြမ်း တစ်ပိဿာလျှင် ၄၄၀၀ ကျပ်၊ ရေပေါင်းခြမ်း (၈၈% အခြောက်) တစ်ပိဿာလျှင် ၄၉၀၀ ကျပ်၊ ရေပေါင်းခြမ်း (၉၉% အခြောက်) တစ်ပိဿာလျှင် ၅၄၀၀ ကျပ်၊ အစာသန့် (ခြောက်) တစ်ပိဿာလျှင် ၅၅၀၀ ကျပ်၊ ရှယ်ဝိုင်း-ခြောက်(သန့်) တစ်ပိဿာလျှင် ၆၄၀၀ကျပ်၊ ရှယ်ဝိုင်း-ခြောက် (အလယ်သား) တစ်ပိဿာလျှင် ၇၅၀၀ကျပ်၊ ရှယ်ဝိုင်း-ခြောက် (အလယ်သား) တစ်ပိဿာလျှင် ၇၅၀၀ ကျပ်၊ ဂျင်းပြတ်(ခြောက်) တစ်ပိဿာလျှင် ၅၅၀၀ ကျပ်၊ မော်လမြိုင်အညိုသီး (ပြွမ်း) တစ်ပိဿာလျှင် ၂၆၀၀ ကျပ်၊ မော်လမြိုင်အညိုသီး (သန့်)တစ်ပိဿာလျှင် ၃၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

ကွမ်းသီးဈေးနှုန်း ယခင်လနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၁၀၀ကျပ်နှင့် ၂၀၀ ကျပ်ခန့်အတွင်း ဈေးကျနေကြောင်း သိရသည်။ ထို့သို့ ကွမ်းသီးဈေးနှုန်းကျဆင်းခြင်းသည် ယခုရာသီချိန်တွင် ဒေသကွမ်းသီး လှိုင်လှိုင်ပေါ်ချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အဝယ်နည်းပါးခြင်းကြောင့်လည်းကောင်း ကွမ်းသီးဈေးနှုန်းအခြေအနေ ကျဆင်းရခြင်းဖြစ်ပါကြောင်း သုံးသပ်ရသည်။

**Source: https://www.doca.gov.mm**

# STOCK EXCHANGE (24.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 23rd Jan. 2024

### Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 253 | 2,201,100 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,169 | 3,390,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 562 | 871,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +100 | +4.17% | 2,500 | 2,500 | 2,500 | 52 | 130,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,900 | 311 | 591,300 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 50 | 235,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 5,040 | 8,570,000 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.77 | -1.27 | -0.35% | 367.72 | 367.72 | 365.24 | 7,442 | 16,028,100 | 8 | 689,918 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 23rd Jan. 2024

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

## Main Board

As of 1:00 pm, 23rd Jan. 2024

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 37,442 (Shares) | 101,528,100 (MMK) |

| MYANPIX | 365.77 ▼ 1.27 |
|---|---|
| Total Volume (shares) | 7,442 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,918 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 100 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |